# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

ထုတ်ပြန်ကြေငြာချက်
စက်တင်ဘာ၊ ၂၀၊ ၂၀၀၅

## မြန်မာပြည်သူပြည်သား ၄ သောင်းကျော် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အဆိုတင်သွင်း

စက်တင်ဘာ ၂၁ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာဒုက္ခသည်များ၊ ရွှေ့ပြောင်း အလုပ်သမားများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ စုစုပေါင်း (၄)သောင်းကျော်မှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ လာမည့် အောက်တိုဘာလ အစည်းအဝေးတွင် မြန်မာပြည် အရေးဆွေးနွေးပေးရန် တင်ပြတောင်းဆိုကြသည်။

ဤအဆိုတင်သွင်းလွှာတွင် ပြည်တွင်းပုန်းအောင်းနေထိုင်သူများ၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ခုခံအားကျဆင်းမှုရောဂါ၊ ကလေးအဟာရ ချို့တဲ့မှု၊ ကလေးစစ်သားနှင့် အမျိုးသမီးများ စစ်ပွဲဒေသနှင့် အိမ်နီးချင်းနိုင်ငံများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု အခြေအနေများကို အဓိကမီးမောင်းထိုး တင်ပြ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အောက်ပါအခြေအနေများ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြထားသည်။

၁) ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ အားလုံး လွတ်မြောက်ရေး။
၂) အနှစ်သာရ ရှိသည့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်ရေး။
၃) တနိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးနှင့် တိုင်းရင်းသားဒေသများမှ စစ်တပ်များ ရုပ်သိမ်းရေး။
၄) စစ်ပွဲဒေသများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရပ်တန့်ရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ် စောင့်ရှောက်မှု ရရှိရေး။
၅) ရွှေ့ပြောင်းအလုပ်သမားတိုင်း သက်ဆိုင်ရာနိုင်ငံများတွင် ပြဋ္ဌာန်းထားသော အလုပ်သမားအခွင့်အရေးများကို အပြည့်အဝခံစား ခွင့်ရရှိရေး။
၆) မြန်မာပြည်သူပြည်သားများ ကိုယ့်ပြည်ကိုယ့်ရွာသို့ အေးချမ်းလုံခြုံစွာ ပြန်လည်အခြေချနိုင်ရေး။

လုံခြုံရေးကောင်စီသို့ ဤကဲ့သို့ တင်ပြစဉ်ကာလ စက်တင်ဘာလ ပထမပတ်မှစ၍ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလာဒေ့ရှ် နိုင်ငံနယ်စပ်ဒေသအသီးသီးနှင့် နယူးဒေလီမြို့တို့တွင် အလုပ်ရုံဆွေးနွေးပွဲ (၃၅)ပွဲ ပြုလုပ်၍ လူဦးရေ (၂၀၀၀)ကျော်မှ ငြိမ်းချမ်းရေး အသိပညာဆိုင်ရာများဆွေးနွေးခဲ့ကြသည်။ စက်တင်ဘာ ၂၁ ရက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင်လည်း ၄င်းဒေသအသီးသီး၌ ဆုတောင်းပွဲ၊ ချီတက်ပွဲ၊ လူထုစည်းဝေးပွဲများ ပြုလုပ်ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်သူပြည်သား (၁)သောင်းကျော်ခန့် တက်ရောက်ဆင်နွှဲမည်ဟု ခန့်မှန်းသည်။ အချို့ဒေသများတွင် ခရစ်ယာန်နှင့် မူစလင်ဘာသာရေးခေါင်းဆောင်များမှလည်းကောင်း၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများမှလည်းကောင်း ငြိမ်းချမ်းရေးတရားများ ဟောကြား၍ ဆုတောင်းပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

"အခုလို လှုပ်ရှားမှုများ ပြုလုပ်နေချိန်မှာ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်ရေး၊ ပြည်တွင်းမှာရှိတဲ့ ဘာသာရေးခေါင်းဆောင်များ ပူးပေါင်းပြီး တိုင်းပြည်ပြန်လည်သင့်မြတ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရန်၊ နအဖအပါအဝင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံး အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ငြိမ်းချမ်းရေးကို ရည်စူး၍ အပစ်အခတ်ရပ်စဲရန်၊ မြန်မာအမျိုးသမီး ရေးရာအဖွဲ့ချုပ်အပါအဝင် ပြည်တွင်းမှာရှိတဲ့ အမျိုးသမီးအဖွဲ့အစည်းများကို နအဖစစ်တပ်မှ တပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် တိုက်တွန်းပေးရန်တို့ကို တောင်းဆိုထားပါတယ်" ဟု အမျိုးသမီးများအဖွဲ့ချုပ်( မြန်မာနိုင်ငံ)၏ ငြိမ်းချမ်းရေးတည်ဆောက်သူအမျိုးသမီးများ လုပ်ငန်းတာဝန်ခံ မခင်ဥမ္မာမှ ပြောကြားသည်။

အဆိုပါ ဆုတောင်းပွဲကြီးပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ (၁) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ငြိမ်းချမ်းရေး လိုလားသူများမှ တစုတစည်းတည်း အထိမ်းအမှတ်ပြုလုပ်မှုများကို ကမ္ဘာသူ၊ကမ္ဘာသားများအား ဖော်ထုတ်ပြသရန်၊ (၂) လူသားတိုင်း ငြိမ်းချမ်းရေးအသိစိတ်ဓါတ် မွေးမြူပြီး အ[illegible] ကမ်းဖက်မှုများပပျောက်ရေးလုပ်ဆောင်သွားရန်၊ (၃) ငြိမ်းချမ်းရေး၏အနှစ်သာရကို မြန်မာပြည်သူလူထုအား သိရှိစေရန်၊ (၄) မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေ ပြောင်းလဲမှုဖြစ်လာစေရန် ရည်ရွယ်ပြီး ပြုလုပ်ခြင်း ဖြစ်သည်။

*Contact persons:* *Khin Ohmar on Mobile – 66 1 884 0772; Naw Khaing Mar Kyaw Zaw on Mobile – 1 181 5144, Lway Nway Noung on Mobile – 66 7 173 9065*